# မြန်မာ့ဆန်စပါးပြည်ပသို့တင်ပို့ရောင်းချမှုအခြေအနေ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်


**အကျဉ်းချုပ်**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုလုပ်ငန်းကို ရှေးဘုရင်များလက်ထက်ကတည်းကပင် ဆောင်ရွက်ခဲ့ကြပြီး ယနေ့ခေတ်ကာလအထိ ဆက်လက်တင်ပို့ရောင်းချခဲ့ကြကာ ပြည်ပတင်ပို့ရောင်းချမှုပမာဏ ပိုမိုမြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံခြားဝင်ငွေတိုးမြင့်စေရန်အတွက် ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဆန်စပါးအရည်အသွေးကောင်းမွန်စေရေး၊ ခေတ်မီသောဆန်စပါးစိုက်ပျိုးနည်းစနစ်များကို အသုံးချနိုင်စေရေး၊ ဈေးကောင်းရရှိစေရေးနှင့် ပြည်တွင်းဆန်ဖူလုံမှုရှိရေးကိုပါထည့်သွင်းစဉ်းစား၍ ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့တင်ပို့ရောင်းချခွင့်လုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် တိုးတက်ပြောင်းလဲလာသော မြန်မာ့ဆန်စပါးလောကအနေဖြင့် ကမ္ဘာ့နိုင်ငံများသို့ဆန်တင်ပို့မှုစာရင်း အဆင့်သတ်မှတ်ချက်များအရ တစ်နှစ်ထက်တစ်နှစ်ပိုမိုကောင်းမွန်လာသည်ကိုလည်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ဤစာတမ်းတိုတွင် မြန်မာ့ဆန်စပါးပြည်ပတင်ပို့မှုသမိုင်း၊ ပြည်တွင်း/ပြည်ပတွင် အဓိကရောင်းဝယ်မှုအများဆုံးဆန်စပါးမျိုးများ၊ ကမ္ဘာ့အမြင့်ဆုံးဆန်တင်ပို့မှုနိုင်ငံများအား နှိုင်းယှဉ်လေ့လာခြင်း၊ မြန်မာ့ဆန်စပါးပြည်ပသို့တင်ပို့မှုနှင့် မြန်မာ့ဆန်ဈေးကွက်အခြေအနေများကို တင်ပြထားပါသည်။



သုတေသနစာတမ်းတိုအမှတ် ( ၃၁ )



ရေးသားပြုစုသူ - ဒေါ်သီတာအောင် (ဦးစီးအရာရှိ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း…………………………………………………………………… | ၃ |
| ၂။ | မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှုသမိုင်း……………………………………….. | ၄ |
| ၃။ | ပြည်တွင်းဈေးကွက်တွင်အဓိကရောင်းဝယ်မှုအများဆုံးဆန်စပါးမျိုးများ……… | ၅ |
| ၄။ | ပြည်ပသို့ တင်ပို့ရောင်းချသောဆန်စပါးမျိုးများ……………………………… | ၅ |
| ၅။ | ဆန်အဆင့်အတန်းများအလိုက် အရည်အသွေးသတ်မှတ်ချက်များ…………… | ၆ |
| ၆။ | ကမ္ဘာ့အမြင့်ဆုံးဆန်တင်ပို့မှုနိုင်ငံများနှင့် ၎င်းတို့၏အဆင့်သတ်မှတ်ချက်များအား နှိုင်းယှဉ်လေ့လာခြင်း………………………………………………………… | ၉ |
| ၇။ | မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း……………………………… | ၁၁ |
| ၈။ | ဘဏ္ဍာနှစ်အလိုက်ပြည်ပသို့ဆန်တင်ပို့မှုအခြေအနေ………………………….. | ၁၈ |
| ၉။ | ဥရောပသမဂ္ဂဆန်ဈေးကွက်………..……………………………………… | ၁၈ |
| ၁၀။ | ဥရောပသမဂ္ဂနိုင်ငံများသို့ ဆန်တင်ပို့သည့်နိုင်ငံများ………………………… | ၁၉ |
| ၁၁။ | ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ရန်ဆောင်ရွက်နေမှုများ……………… | ၂၀ |
| ၁၂။ | မြန်မာ့ဆန်ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည့်အခြေခံအချက်များ…………………….. | ၂၁ |
| ၁၃။ | ပြည်ပဆန်တင်ပို့မှု အခြေအနေတည်ငြိမ်နိုင်ရေး ဆောင်ရွက်သင့်သည့်အစီအစဉ်များ… | ၂၂ |
| ၁၄။ | ပြည်ပသို့ဆန်တင်ပို့မှုနှင့် မြန်မာ့ဆန်ဈေးကွက်အခြေအနေ…………………… | ၂၃ |
| ၁၅။ | နိဂုံး…..………………………………………………………………… | ၂၆ |

**နိဒါန်း**

၁။ မြန်မာနိုင်ငံသည် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခု တို့ဖြင့်ဖွဲ့စည်းထားကာ တိုင်းရင်းသားလူမျိုးစု(၁၀၀)ကျော်ပါဝင်သည့် လူဦးရေ ၅၄ သန်းခန့်နေထိုင် လျက်ရှိပြီး မြေဧရိယာ ၆၇၆၅၇၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ စိုက်ပျိုးရေးကို အဓိက ထား၍ပြုလုပ်သော ဂေဟဇုန်(၃) ခုမှာ မြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်းအပူပိုင်းဇုန်နှင့် တောင်ပေါ် ဒေသများဖြစ်ပါသည်။ အနောက်တောင်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် လူဦးရေ ၂၂ သန်းခန့်နေထိုင် လျက်ရှိပြီး အထူးသဖြင့် မိုးရာသီကာလတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား၍ လုပ်ဆောင် ကြပါသည်။ အလယ်ပိုင်းအပူပိုင်းဇုန်တွင် လူဦးရေ ၁၉ သန်းခန့်နေထိုင်လျက်ရှိပြီး မိုးနည်းရပ်ဝန်း ဒေသဖြစ်သည်နှင့်အားလျော်စွာ မိုးရေနှင့်ရေသွင်းစိုက်ပျိုးရေးအပေါ်တွင်မူတည်၍ ဆန်စပါး၊ ဆီထွက် သီးနှံများနှင့်ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိကြပါသည်။ တောင်ပေါ်ဒေသတွင် လူဦးရေ၆.၅ သန်းခန့် နေထိုင်ကြပြီး မိုးကောင်းသောက်စပါး၊ စားပင်သီးနှံအမျိုးမျိုး၊ ဥယျာဉ်ခြံသီးနှံများ၊ ပြောင်းဖူးနှင့်ပဲ အမျိုးမျိုးစသည်တို့အား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အားလုံး၏ ၅၆ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးကဏ္ဍဖြစ်ပါသည်။ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့်မှာလည်း စိုက်ပျိုးရေးကဏ္ဍမှဖြစ်ပါသည်။ မြန်မာနိုင်ငံ၏နှစ်စဉ်ဂျီဒီပီ(GDP)ညွှန်းကိန်းအရ လယ်ယာစိုက်ပျိုးရေး ကဏ္ဍမှရရှိသောဝင်ငွေမှာ ၃၀ ရာခိုင်နှုန်းရှိပါသည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံအတွက်ပဓာနကျသည့် ကဏ္ဍတစ်ရပ်ပင်ဖြစ်ပါသည်။[၁]ထို့အပြင်စပါးသီးနှံသည် နိုင်ငံတော်၏ အဓိကစားနပ်ရိက္ခာဖြစ်ပြီး အာဆီယံဒေသအတွင်း ဆန်စားသုံးမှုအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သောကြောင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားသုံးမှုဖူလုံရန်နှင့် ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရန် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဆန်စပါးထုတ်လုပ်မှု တိုးတက်စေရန် စိုက်ပျိုးဧရိယာများတိုးချဲ့လာပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ်မှစတင်၍ မိုးစပါး၊ နွေစပါး စုစုပေါင်းစိုက်ဧက ၁၇ သန်းကျော်အထိ တိုးချဲ့စိုက်ပျိုးလာကြပါသည်။ [၂]

[၁] မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်
[၂] http://www.doa.gov.mm/doa/index.php?route=product/product&path=၃၃_၆၆&product_id=၁၉၀

## မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှုသမိုင်း[၃]

၂။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကစားနပ်ရိက္ခာ (Staple Food) ဖြစ်ပါသည်။ နိုင်ငံတိုင်းတွင် အဓိကစားနပ်ရိက္ခာ (Staple Food) ကိုအလေးအနက်ထားကိုင်တွယ်ကြပြီး အချို့သောနိုင်ငံများတွင် Political crop ဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။ သမိုင်းအထောက်အထားများအရ ဗိဿနိုးမြို့ဟောင်း၌ စပါးခွံပါသည့်အုတ်ကိုတွေ့ရှိရပြီး ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းများတွင် ရိက္ခာဖူလုံရန်အတွက်စပါးစိုက်ပျိုးသည့် အထောက်အထားများတွေ့ရှိသည်ဟု သိရှိရပါသည်။ ထို့ကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း၂၀၀၀ကျော်ကတည်းက မြန်မာနိုင်ငံ၌ဆန်စပါးများကို စိုက်ပျိုးစားသောက်သည့်အလေ့အထရှိခဲ့ကြောင်းလေ့လာသိရှိရပါသည်။

၃။ ပြည်ပသို့ဆန်စပါးတင်ပို့မှုကို ဟံသာဝတီခေတ်(၁၂၈၇-၁၅၃၉)ကတည်းကပင် ဆန်စပါးများတင်ပို့ရောင်းချကြောင်းသိရှိရပါသည်။ ၁၇ရာစု၌ ဒတ်ချ်လူမျိုးများသည် ရခိုင်၊ အင်းဝနှင့် ပဲခူးဈေးကွက်များမှ ဆန်စပါးဝယ်ယူခဲ့သည်ဟုသိရှိရပါသည်။ အများဆုံးတင်ပို့သည့်ဒေသများမှာ မလက္ကာ၊ ဂျာဗားနှင့် ဆူမတြားဒေသများဖြစ်ပြီး မြန်မာ့ဆန်စပါးသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်ကတည်းကပင် ပင်လယ်ရပ်ခြားတိုင်းပြည်များသို့ရောင်းချနေပြီဟုဆိုနိုင်ပါသည်။

၄။ ကိုလိုနီခေတ်၊ အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၂၅)အပြီးတွင် နိုင်ငံခြားကုမ္ပဏီများသည် စစ်တွေဆိပ်ကမ်းမှပြည်ပသို့ဆန်စပါးတင်ပို့မှုကို စတင်ခဲ့ကြပါသည်။ ၁၉၀၀ ပြည့်နှစ်၌ ဆန်တန်ချိန်နှစ်သန်းကျော်အထိ ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ကိုလိုနီခေတ်တွင် ဆန်စပါးဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေလမ်း(တူးမြောင်းများအပါအဝင်)၊ ရထားလမ်းများကို အဓိကထား၍ အသုံးပြုခဲ့ပါသည်။ ၁၉၂၇-၂၈ ခုနှစ်တွင် ကမ္ဘာ့ဆန်ဈေးကွက်၏ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့ပြီး ကမ္ဘာ့နံပါတ် ၁ ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ အင်္ဂလိပ် - မြန်မာပထမစစ်ပွဲမှစတင်၍ ကိုလိုနီခေတ် ၁၉၃၀ ပြည့်နှစ်အထိ နိုင်ငံခြားသားပိုင်ဆန်ကုမ္ပဏီကြီးများ ဈေးကွက်လက်ဝါးကြီးအုပ်ခြယ်လှယ်ခဲ့ရာမှအကျိုးဆက်အနေဖြင့် ပြည်တွင်းဆန်စပါးဈေးများ အလွန်အမင်းကျဆင်းလာခဲ့ပြီး သာယာဝတီခရိုင်တွင် ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ရပါသည်။

[၃] https://www.commerce.gov.mm - ပြည်တွင်းကုန်သွယ်မှု၊ page ၃ - မြန်မာ့ဆန်စပါးနဲ့ကမ္ဘာ့ဆန်ဈေးကွက်

၅။ လွတ်လပ်ရေးရပြီးခေတ်တွင် ပြည်ပသို့ဆန်တင်ပို့မှုသည် တန်ချိန် ၁ သန်းနှင့် ၂ သန်း အကြားတင်ပို့နိုင်ခဲ့ရာ ၁၉၆၅-၆၆ ခုနှစ်အထိ ၁ သန်းကျော်တင်ပို့နိုင်ခဲ့ပါသည်။ ၁၉၈၇ - ၈၈ ခုနှစ်တွင်လည်း ဆန်စပါးကဏ္ဍတွင် သမဝါယမကဏ္ဍသို့ တိုက်ရိုက်ကိုင်တွယ်စေခဲ့ရာ ဆန်ပြတ်လပ်မှုများဖြစ်ခဲ့ပြီး ပြည်သူများစားရေးအခက်အခဲရှိလာပါသည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်း ပြည်တွင်းတွင်လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့ပါသည်။ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် နိုင်ငံတော်၏ဆန်စပါးရောင်းဝယ်မှု မူဝါဒသစ်ကိုကြေညာ၍ ၂၀၀၃-၂၀၀၄ ခုနှစ်စပါးရာသီမှစပြီး အစိုးရမှတိုက်ရိုက်ဝယ်ယူခြင်းမပြုတော့ဘဲ ပုဂ္ဂလိကသို့လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသမှတင်ပို့ခြင်းကိုပါ တရားဝင်ခွင့်ပြုပေးခဲ့ရာ ဆန်တန်ချိန် ၁ ဒသမ ၄ သန်းအထိတင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၃ ဒသမ ၂ သန်းကျော်တင်ပို့နိုင်ခဲ့၍ ယခုဘဏ္ဍာနှစ် တင်ပို့နိုင်မှုသည် ၁၉၃၄-၃၅ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၈၃ နှစ်အတွင်း အများဆုံးစံချိန်တင်တင်ပို့နိုင်မှု ဖြစ်ပါသည်။

## ပြည်တွင်းဈေးကွက်တွင် အဓိကရောင်းဝယ်မှုအများဆုံးဆန်စပါးမျိုးများ[၄]

၆။ ပြည်တွင်းဈေးကွက်တွင် အဓိကရောင်းဝယ်မှုအများဆုံးဆန်စပါးမျိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မနောသုခ၊

(ခ) ဆင်းသုခ၊

(ဂ) ရွှေသွယ်ရင်၊

(ဃ) ရတနာတိုး။

## ပြည်ပသို့ တင်ပို့ရောင်းချသောဆန်စပါးမျိုးများ[၅]

၇။ ပြည်ပသို့တင်ပို့ရောင်းချသော ဆန်စပါးမျိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ငစိန်၊

(ခ) ပေါ်ဆန်း၊

(ဂ) ကောက်ညှင်း၊

[၄] http://www.doa.gov.mm/doa/index.php?route=product/product&path=၇၃_၆၆&product_id=၁၉၀
[၅] http://www.doa.gov.mm/doa/index.php?route=product/product&path=၇၃_၆၆&product_id=၁၉၀

(ဃ) ဇီယာ၊

(င) ဆင်းသွယ်လတ်၊

(စ) ဧရာမင်း။

၈။ အဆိုပါဆန်စပါးများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီသည့် စပါးမျိုးများစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် GAP နည်းလမ်းများကို လိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုအပ်ပါသည်။[၆]

## ဆန်အဆင့်အတန်းများအလိုက် အရည်အသွေးသတ်မှတ်ချက်များ

၉။ မြန်မာနိုင်ငံတွင်ပြည်ပသို့ဆန်များတင်ပို့ရောင်းချရာ၌ အောက်ပါအတိုင်း ဆန်အဆင့်အတန်းများအလိုက် အရည်အသွေးများသတ်မှတ်ထားရှိပါသည် -[၇]

| တန်းမြင့်ဆန်များ၏ ဆန်အဆင့်အတန်းအလိုက် အရည်အသွေးများ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| No | Quality | Head Rice | Big Broken | Brokens | Small Brokens | Allowance of Paddy | Milling Degree | Moisture Content |
| ၁ | EMATA SUPER 100% | 98% | | 2% | | 10grains/kg | Extra Well Milled | 14% max |
| ၂ | ZEER SUPER 100% | 95% | 3% | 2% | | 15grains/kg | Extra Well Milled | 14% max |
| ၃ | PAWSAN/ NGAKYWE SUPER 100% | 95% | 5% | | | 15grains/kg | Extra Well Milled | 14% max |
| ၄ | LOONZAIN 100% | 95% | 4% | 1% | 1% | 2% | Husked | 14% max |
| ၅ | LONG BOILED 100% | 96% | 4% | 0% | | 17grains/kg | Extra Well Milled | 14.50% |
| ၆ | LOONZAIN 5% | 95% | | 5% | | 5% | Husked | 14% max |
| ၇ | LOONZAIN 10% | 90% | 18% | 10% | | 1% | Husked | 14% max |

[၆] http://www.doa.gov.mm/doa/index.php?route=product/product&path=၃၃_၆၆&product_id=၁၉၀

[၇] စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| တန်းမြင့်ဆန်များ၏ ဆန်အဆင့်အတန်းအလိုက် အရည်အသွေးများ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| No | Quality | Head Rice | Big Broken | Brokens | Small Brokens | Allowance of Paddy | Milling Degree | Moisture Content |
| ၈ | LONG BOILED 10% | 80% | 10% | 10% | | 4grains/100CC | Well Milled | 14.50% |
| ၉ | ZEER SUPER 5% | 78% | 15-17% | 3-10% | | 22-33 grains/kg | Well Milled | 14% max |
| ၁၀ | ZEER SUPER 10% | 75% | 13-17% | 8-12% | | 25-35 grains/kg | Well Milled | 14% max |
| ၁၁ | ZEER MYANMAR 15% | 70% | 13-17% | 13-17% | 0.10% | 30-40 grains/kg | Well Milled | 14% max |

၁၀။ အထက်ဖော်ပြပါဇယားအရ တန်းမြင့်ဆန်များ၏ ဆန်အဆင့်အတန်းအရည်အသွေး သတ်မှတ်ချက်တွင် ဧည့်မထစူပါ ၁၀၀ ရာခိုင်နှုန်းသည် အကောင်းဆုံးဆန်အမျိုးအစားဖြစ်ပြီး ဇီယာမြန်မာ ၁၅ ရာခိုင်နှုန်းသည် အညံ့ဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

| ဧည့်မထနှင့်ငစိန်အုပ်စုဆန်များ၏ ဆန်အဆင့်အတန်းအလိုက် အရည်အသွေးများ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| No | Quality | Head Rice | Big Broken | Brokens | Small Brokens | Allowance of Paddy | Milling Degree | Moisture Content |
| ၁ | EMATA SUPER 5% | 80% | 13-17% | 3-7% | | 22-33 grains/kg | Well Milled | 14% max |
| ၂ | EMATA SUPER 10% | 75% | 13-17% | 8-12% | | 25-35 grains/kg | Well Milled | 14% max |
| ၃ | EMATA MYANMAR 15% | 85% | | 15% | 0.50% | 25grains/kg | Well Milled | 14% max |
| ၄ | EMATA MYANMAR 20% | 60% | 17-22% | 18-23% | 0.10% | 4grains/100CC | Reasonably Well Milled | 14% max |
| ၅ | EMATA MYANMAR 25% | 75% | 35% | 25% | (+) 2% | 5grains/100CC | Reasonably Well Milled | (+)14% |

| ဧည့်မထနှင့်ငစိန်အုပ်စုဆန်များ၏ ဆန်အဆင့်အတန်းအလိုက် အရည်အသွေးများ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **No** | **Quality** | **Head Rice** | **Big Broken** | **Brokens** | **Small Brokens** | **Allowance of Paddy** | **Milling Degree** | **Moisture Content** |
| ၆ | EMATA MYANMAR 35% | 50% | 10-20% | 30-40% | 1.00% | 6grains/100CC | Reasonably Well Milled | 14% max |
| ၇ | NGASEIN SUPER 10% | 75% | 13-17% | 8-12% | | 25-35 grains/kg | Well Milled | 14% max |
| ၈ | NGASEIN MYANMAR 15% | 70% | 13-17% | 13-17% | 0.10% | 30-40 grains/kg | Well Milled | 14% max |
| ၉ | NGASEIN MYANMAR 25% | 60% | 12-18% | 22-28% | 0.50% | 4grains/100CC | Reasonably Well Milled | 14% max |
| ၁၀ | NGASEIN MYANMAR 35% | 50% | 10-20% | 30-40% | 1.00% | 4 grains/100CC | Reasonably Well Milled | 14% max |

(+) Not more than

(-) Not less than

၁၁။ အထက်ဖော်ပြပါဇယားအရ ဧည့်မထနှင့်ငစိန်အုပ်စုဆန်များ၏ ဆန်အဆင့်အတန်း အရည်အသွေးသတ်မှတ်ချက်တွင် ဧည့်မထစူပါ ၅ ရာခိုင်နှုန်းသည် အကောင်းဆုံးဆန်အမျိုးအစား ဖြစ်ပြီး ငစိန်မြန်မာ ၃၅ ရာခိုင်နှုန်းသည် အညံ့ဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကမ္ဘာ့အမြင့်ဆုံးဆန်တင်ပို့မှုနိုင်ငံများနှင့် ၎င်းတို့၏အဆင့်သတ်မှတ်ချက်များအား နှိုင်းယှဉ်လေ့လာခြင်း

၁၂။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှုအဆင့်သတ်မှတ်ချက်များအရ ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှုအမြင့်ဆုံးအဆင့်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဌမနေရာ၌ရပ်တည်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့အမြင့်ဆုံးဆန်တင်ပို့မှုနိုင်ငံ (၁၀) နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည်- [၇]




ပုံ (၁) ကမ္ဘာ့အမြင့်ဆုံး ဆန်တင်ပို့မှုနိုင်ငံများစာရင်း (၂၀၁၁ ခုနှစ်)

၁၃။ ၂၀၁၂ ခုနှစ်တွင်လည်း ကမ္ဘာ့ဆန်တင်ပို့မှုအဆင့်သတ်မှတ်ချက်များအရ ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှုအမြင့်ဆုံးအဆင့်တွင် ဆက်လက်ရပ်တည်နေပြီး မြန်မာနိုင်ငံအနေဖြင့် ဆန်တင်ပို့မှုထိပ်ဆုံး(၁၀) နိုင်ငံထဲတွင် မပါဝင်တော့ပေ။ ၂၀၁၂ ခုနှစ်စစ်တမ်းအရ ကမ္ဘာ့အမြင့်ဆုံး ဆန်တင်ပို့မှုနိုင်ငံ(၁၀) နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -




ပုံ (၂) ကမ္ဘာ့အမြင့်ဆုံး ဆန်တင်ပို့မှုနိုင်ငံများစာရင်း (၂၀၁၂ ခုနှစ်)

[၇] http://ricedevelopment.blogspot.com/၂၀၁၃/၀၁/blog-post_၁၈.html#more

၁၄။ ၂၀၁၈ ခုနှစ်စစ်တမ်းအရ ကမ္ဘာ့အမြင့်ဆုံး ဆန်တင်ပို့မှုနိုင်ငံ (၁၀) နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -[၉]




ပုံ (၃) ကမ္ဘာ့အမြင့်ဆုံး ဆန်တင်ပို့မှုနိုင်ငံများစာရင်း (၂၀၁၈ ခုနှစ်)

၁၅။ ကမ္ဘာ့ဆန်ဈေးကွက်၌ ဆန်တင်ပို့သည့်နိုင်ငံများမှာ အရေအတွက်တိုးလျက်ရှိပါသည်။ ဘရာဇီးနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ရုရှားနိုင်ငံတို့သည်လည်း ဆန်ကိုတင်ပို့လျက်ရှိပါသည်။ အီဂျစ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည် ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်တန်း(၁၀)နိုင်ငံထဲတွင် ပါဝင်လာခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်ဈေးကွက်ကို တင်ပို့နိုင်ရန်အတွက် ယှဉ်ပြိုင်မှုများ တိုးပွားလာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၆၀-၆၃ ခုနှစ်များတွင် ဆန်အများဆုံး တင်ပို့သောနိုင်ငံဖြစ်ခဲ့သည်။[၁၀]

---

[၉] https://www.indexmundi.com/agriculture/?commodity=milled-rice&graph=exports

[၁၀] http://ricedevelopment.blogspot.com/၂၀၁၃/၀၁/blog-post_၁၈.html#more

## မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း

၁၆။ ၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈ (၃၁.၈.၂၀၁၈) ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံမှ နိုင်ငံပေါင်း (၁၁၂) နိုင်ငံသို့ ဆန်တင်ပို့ခဲ့ပြီး ၂၀၁၅ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှဆန်တင်ပို့သည့် နိုင်ငံများ၊ အရေအတွက်နှင့် တန်ဖိုးများကို လေ့လာနိုင်စေရန် အောက်ဖော်ပြပါဇယားနှင့်တကွ အသေးစိတ် ဖော်ပြထားပါသည် -[၁၁]

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၁ | ဘာရိန်း | မက်ထရစ်တန် | ၅၀ | ၀.၀၂၁ |
| ၂ | ဘင်္ဂလားဒေ့ရှ် | မက်ထရစ်တန် | ၁၄၀ | ၀.၀၅၃ |
| ၃ | ဘယ်လ်ဂျီယမ် | မက်ထရစ်တန် | ၅၆၇၅ | ၂.၂၃၀ |
| ၄ | ဘော့ဇဝါနာ | မက်ထရစ်တန် | ၂၅ | ၀.၀၁ |
| ၅ | ဘရာဇီး | မက်ထရစ်တန် | ၄၇၅ | ၀.၂၀၅ |
| ၆ | ဘရူနိုင်း | မက်ထရစ်တန် | ၇၅.၀၆၅ | ၀.၀၂၈ |
| ၇ | ဘူလ်ဂေးရီးယား | မက်ထရစ်တန် | ၉၇၈၉ | ၃.၈၄၉ |
| ၈ | ကနေဒါ | မက်ထရစ်တန် | ၀.၉ | ၀.၀၀၁ |
| ၉ | တရုတ် | မက်ထရစ်တန် | ၉၇၄၃၇၄.၉၃ | ၃၅၉.၁၅၈ |
| ၁၀ | ကျူးဘား | မက်ထရစ်တန် | ၂၅၀ | ၀.၁၀၉ |
| ၁၁ | ချက်သမ္မတ | မက်ထရစ်တန် | ၁၄၄၅.၈ | ၀.၆၁၁ |
| ၁၂ | ဒိန်းမတ် | မက်ထရစ်တန် | ၈၆၁.၃၀၀ | ၀.၃၇၇ |
| ၁၃ | အီကွေဒေါ | မက်ထရစ်တန် | ၃၁၂ | ၀.၁၂၈ |
| ၁၄ | အီဂျစ် | မက်ထရစ်တန် | ၅၇၅ | ၀.၂၄၁ |
| ၁၅ | ပြင်သစ် | မက်ထရစ်တန် | ၇၈၅ | ၀.၃၃၄ |
| ၁၆ | ဂျာမနီ | မက်ထရစ်တန် | ၁၈၆၉၈.၄ | ၆.၁၂၆ |
| ၁၇ | ဂရိ | မက်ထရစ်တန် | ၁၅၂၈၅.၂ | ၅.၀၈၆ |
| ၁၈ | ဂွါဒလ်ကျွန်း | မက်ထရစ်တန် | ၁၅၀ | ၀.၀၆၅ |
| ၁၉ | ဟောင်ကောင် | မက်ထရစ်တန် | ၃၀၀ | ၀.၁၃၄ |

[၁၁] စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၂၀ | ဟန်ဂေရီ | မက်ထရစ်တန် | ၆၃၂ | ၀.၂၅၈ |
| ၂၁ | အိန္ဒိယ | မက်ထရစ်တန် | ၆၇၅ | ၀.၂၂၄ |
| ၂၂ | အင်ဒိုနီးရှား | မက်ထရစ်တန် | ၁၅၅၀၀ | ၆.၀၆ |
| ၂၃ | အီတလီ | မက်ထရစ်တန် | ၄၀၀၀ | ၁.၆၇၉ |
| ၂၄ | ဂျပန် | မက်ထရစ်တန် | ၂၅၀၀ | ၀.၇၇၃ |
| ၂၅ | ကင်ညာ | မက်ထရစ်တန် | ၂၅ | ၀.၀၁၁ |
| ၂၆ | ကိုရီးယား | မက်ထရစ်တန် | ၂၀၀ | ၀.၀၈၇ |
| ၂၇ | လာအို | မက်ထရစ်တန် | ၂၀၀ | ၀.၀၇၅ |
| ၂၈ | လတ်ဗီယာ | မက်ထရစ်တန် | ၂၇၅ | ၀.၁၂၂ |
| ၂၉ | လိုက်ဘေးရီးယား | မက်ထရစ်တန် | ၅၀၀ | ၀.၁၉၄ |
| ၃၀ | လစ်သူယေးနီးယား | မက်ထရစ်တန် | ၅၀၀ | ၀.၂၁၃ |
| ၃၁ | မလေးရှား | မက်ထရစ်တန် | ၁၂၉ | ၀.၀၅၆ |
| ၃၂ | မော်ရိုကို | မက်ထရစ်တန် | ၁၀၀ | ၀.၀၄၄ |
| ၃၃ | နယ်သာလန် | မက်ထရစ်တန် | ၁၀၄၉ | ၀.၂၇၈ |
| ၃၄ | နော်ဝေ | မက်ထရစ်တန် | ၅၀ | ၀.၀၁၆ |
| ၃၅ | အိုမန် | မက်ထရစ်တန် | ၂၄၀ | ၀.၁၀၄ |
| ၃၆ | ဖိလစ်ပိုင် | မက်ထရစ်တန် | ၇၀၅ | ၀.၂၄၃ |
| ၃၇ | ပိုလန် | မက်ထရစ်တန် | ၁၉၀၀၈ | ၆.၄၅၄ |
| ၃၈ | ပေါ်တူဂီ | မက်ထရစ်တန် | ၁၅၀၀ | ၀.၆၀၇ |
| ၃၉ | ရိုမေးနီးယား | မက်ထရစ်တန် | ၅၅၀ | ၀.၂၀၇ |
| ၄၀ | ရုရှား | မက်ထရစ်တန် | ၅၃၂၅.၉၆၀ | ၂.၂၂၆ |
| ၄၁ | စင်္ကာပူ | မက်ထရစ်တန် | ၂၉၄၂၄.၅၃၈ | ၈.၇၅၀ |
| ၄၂ | တောင်အာဖရိက | မက်ထရစ်တန် | ၆၀၀.၂၄၀ | ၀.၁၉၀ |
| ၄၃ | စပိန် | မက်ထရစ်တန် | ၈၅၄၅ | ၃.၅၆၄ |
| ၄၄ | ဆွီဒင် | မက်ထရစ်တန် | ၂၅၀ | ၀.၁၀၃ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၄၅ | ဆွစ်ဇာလန် | မက်ထရစ်တန် | ၁၅၀ | ၀.၀၆၅ |
| ၄၆ | ဆီးရီးယား | မက်ထရစ်တန် | ၁၅၀ | ၀.၀၆၃ |
| ၄၇ | ထိုင်ဝမ် | မက်ထရစ်တန် | ၁၅၀ | ၀.၀၆၀ |
| ၄၈ | ထိုင်း | မက်ထရစ်တန် | ၁၀၅၀ | ၀.၃၉၇ |
| ၄၉ | တူရကီ | မက်ထရစ်တန် | ၄၈ | ၀.၀၂၀ |
| ၅၀ | ယူအေအီး | မက်ထရစ်တန် | ၅၀၅၀ | ၁.၅၇၁ |
| ၅၁ | ယူနိုက်တက်ကင်းဒမ်း | မက်ထရစ်တန် | ၁၈၇၅ | ၀.၈၂၃ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၁ | ဩစတြေးလျ | မက်ထရစ်တန် | ၆၆ | ၀.၀၂၇ |
| ၂ | အင်ဒိုရာ | မက်ထရစ်တန် | ၅၂၅ | ၀.၁၈၈ |
| ၃ | ဘယ်လ်ဂျီယမ် | မက်ထရစ်တန် | ၇၂၅၀ | ၂.၁၁၅ |
| ၄ | ဘရာဇီး | မက်ထရစ်တန် | ၂၅၅၀ | ၀.၉၃၄ |
| ၅ | ဘူလ်ဂေးရီးယား | မက်ထရစ်တန် | ၂၃၄၀ | ၀.၇၀၆ |
| ၆ | ဘီနင် | မက်ထရစ်တန် | ၁၅၀၀ | ၀.၄၂၀ |
| ၇ | ကင်မရွန်း | မက်ထရစ်တန် | ၂၀၄၇၆ | ၅.၉၇၄ |
| ၈ | ကနေဒါ | မက်ထရစ်တန် | ၈၅၀ | ၀.၃၁၆ |
| ၉ | တရုတ် | မက်ထရစ်တန် | ၉၈၆၀၁၄.၃၃၀ | ၃၃၂.၇၁၀ |
| ၁၀ | ကိုလံဘီယာ | မက်ထရစ်တန် | ၇၅ | ၀.၀၃၁ |
| ၁၁ | ကော့စတာရီကာ | မက်ထရစ်တန် | ၂၅၀ | ၀.၁၀၃ |
| ၁၂ | အိုင်ဗရီကို့စ် | မက်ထရစ်တန် | ၄၅၅၀၀ | ၁၂.၄၉၃ |
| ၁၃ | ခရိအေးရှား | မက်ထရစ်တန် | ၄၀၀ | ၀.၁၅၅ |
| ၁၄ | ဆိုက်ပရပ်စ် | မက်ထရစ်တန် | ၂၅ | ၀.၀၁၀ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၁၅ | ချက် | မက်ထရစ်တန် | ၂၈၁၀ | ၁.၁၃၉ |
| ၁၆ | အက်စ်တိုးနီးယား | မက်ထရစ်တန် | ၇၅ | ၀.၀၃၀ |
| ၁၇ | ပြင်သစ် | မက်ထရစ်တန် | ၂၄၇၀ | ၁.၀၀၇ |
| ၁၈ | ဂျာမနီ | မက်ထရစ်တန် | ၂၉၆၆ | ၁.၁၁၈ |
| ၁၉ | ဂရိနိုင်ငံ | မက်ထရစ်တန် | ၈၉၈ | ၀.၃၆၆ |
| ၂၀ | ဂီနီ | မက်ထရစ်တန် | ၃၄၅၀၄ | ၁၀.၇၃၆ |
| ၂၁ | ဂင်းနီဗစ်ဆော | မက်ထရစ်တန် | ၅၀၀ | ၀.၁၄၃ |
| ၂၂ | ဟောင်ကောင် | မက်ထရစ်တန် | ၂၄၅၀ | ၀.၆၈၆ |
| ၂၃ | ဟန်ဂေရီ | မက်ထရစ်တန် | ၂၈၂၅ | ၁.၀၉၄ |
| ၂၄ | အိန္ဒိယ | မက်ထရစ်တန် | ၂၇၅ | ၀.၁၁၀ |
| ၂၅ | အင်ဒိုနီးရှား | မက်ထရစ်တန် | ၁၃၇၅ | ၀.၃၇၈ |
| ၂၆ | အစ္စရေး | မက်ထရစ်တန် | ၂၅၀ | ၀.၁၀၅ |
| ၂၇ | အီတလီ | မက်ထရစ်တန် | ၂၃၀၅ | ၀.၈၉၈ |
| ၂၈ | ဂျပန်နိုင်ငံ | မက်ထရစ်တန် | ၄၂၅၆.၂၀၀ | ၁.၃၉၄ |
| ၂၉ | လတ်ဗီယား | မက်ထရစ်တန် | ၃၅၀ | ၀.၁၁၉ |
| ၃၀ | လစ်သူယေးနီးယား | မက်ထရစ်တန် | ၁၆၂၅ | ၀.၆၂၈ |
| ၃၁ | မဒါဂတ်စကား | မက်ထရစ်တန် | ၁၇၉၂၅ | ၅.၁၀၄ |
| ၃၂ | မလေးရှားနိုင်ငံ | မက်ထရစ်တန် | ၃၄၀ | ၀.၁၀၃ |
| ၃၃ | နယ်သာလန် | မက်ထရစ်တန် | ၆၀၀ | ၀.၁၆၆ |
| ၃၄ | နော်ဝေ | မက်ထရစ်တန် | ၅၄၀ | ၀.၁၉၄ |
| ၃၅ | နိုင်ဂျီးရီးယား | မက်ထရစ်တန် | ၁၀၀၀ | ၀.၂၈၀ |
| ၃၆ | ပါကစ္စတန် | မက်ထရစ်တန် | ၃၀၀ | ၀.၁၂၃ |
| ၃၇ | ပါပူဝါနယူးဂီနီ | မက်ထရစ်တန် | ၁၃၅၀ | ၀.၄၇၇ |
| ၃၈ | ဖိလစ်ပိုင် | မက်ထရစ်တန် | ၅၀ | ၀.၀၁၇ |
| ၃၉ | ပိုလန် | မက်ထရစ်တန် | ၁၆၀၇၂.၃၀၀ | ၆.၁၃၃ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၄၀ | ပေါ်တူဂီ | မက်ထရစ်တန် | ၂၀၂၅ | ၀.၈၃၅ |
| ၄၁ | ရီမေးနီးယား | မက်ထရစ်တန် | ၂၁၂၅ | ၀.၇၆၁ |
| ၄၂ | ရုရှား | မက်ထရစ်တန် | ၆၁၈၅ | ၂.၂၄၉ |
| ၄၃ | စင်္ကာပူ | မက်ထရစ်တန် | ၄၀၈၄၉.၃၀၀ | ၁၁.၉၂၀ |
| ၄၄ | ဆလိုဗားကီးယား | မက်ထရစ်တန် | ၃၆၇.၂၀၀ | ၀.၁၃၀ |
| ၄၅ | တောင်အာဖရိက | မက်ထရစ်တန် | ၆၅၀၀ | ၁.၇၉၄ |
| ၄၆ | စပိန် | မက်ထရစ်တန် | ၄၂၁၁ | ၁.၇၁၃ |
| ၄၇ | သီရိလင်္ကာ | မက်ထရစ်တန် | ၅၆၉၀၃ | ၁၆.၂၀၃ |
| ၄၈ | ဆီလီယာလေယွန် | မက်ထရစ်တန် | ၂၄ | ၀.၀၀၉ |
| ၄၉ | ဆလိုဗေးနီးယား | မက်ထရစ်တန် | ၁၃၈၀ | ၀.၅၀၆ |
| ၅၀ | ဆွစ်ဇာလန် | မက်ထရစ်တန် | ၃၅၀၀ | ၁.၁၉၉ |
| ၅၁ | ထိုင်း | မက်ထရစ်တန် | ၃၀၀ | ၀.၀၈၇ |
| ၅၂ | တိုဂို | မက်ထရစ်တန် | ၃၅၀၀ | ၀.၉၈၀ |
| ၅၃ | ယူအေအီး | မက်ထရစ်တန် | ၁၉၅၇၅ | ၅.၈၇၉ |
| ၅၄ | ယူနိုက်တက်ကင်းဒမ်း | မက်ထရစ်တန် | ၃၇၂၅ | ၁.၃၉၆ |
| ၅၅ | အမေရိကန် | မက်ထရစ်တန် | ၉၀၀ | ၀.၃၆၆ |
| ၅၆ | ဗင်နီဇွဲလားနိုင်ငံ | မက်ထရစ်တန် | ၅၀၀ | ၀.၁၈၉ |
| ၅၇ | ဗီယက်နမ် | မက်ထရစ်တန် | ၂၅၀ | ၀.၁၀၅ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၁ | အာဖဂန်နစ္စတန် | မက်ထရစ်တန် | ၆၁၉၂၅ | ၁၇.၀၁၅ |
| ၂ | ဩစတြီးယား | မက်ထရစ်တန် | ၈ | ၀.၀၀၄ |
| ၃ | အင်ဒိုရာ | မက်ထရစ်တန် | ၂၀၄၀၇ | ၆.၈၄၅ |
| ၄ | အဇာဘိုင်ဂျန် | မက်ထရစ်တန် | ၂၂၅ | ၀.၀၆၁ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၅ | ဘင်္ဂလားဒေ့ရှ် | မက်ထရစ်တန် | ၂၉၈၃၉၁.၇၀၂ | ၁၀၀.၉၅၂ |
| ၆ | ဘယ်လ်ဂျီယမ် | မက်ထရစ်တန် | ၈၉၄၉.၆၀၀ | ၃.၃၆၅ |
| ၇ | ဘူလ်ဂေးရီးယား | မက်ထရစ်တန် | ၃၀၃၀ | ၁.၁၈၁ |
| ၈ | ဘီနင် | မက်ထရစ်တန် | ၄၆၀၀ | ၁.၄၉၈ |
| ၉ | ကင်မရွန်း | မက်ထရစ်တန် | ၄၆၄၇၄ | ၁၄.၃၂၄ |
| ၁၀ | ချီလီ | မက်ထရစ်တန် | ၈၇၅ | ၀.၂၈၉ |
| ၁၁ | တရုတ် | မက်ထရစ်တန် | ၁၇၀၂၁၁၉.၆၇၅ | ၅၈၀.၈၄၈ |
| ၁၂ | အိုင်ဗရီကို့စ် | မက်ထရစ်တန် | ၂၃၅၉၀၉ | ၇၀.၁၁၉ |
| ၁၃ | ခရိုအေးရှား | မက်ထရစ်တန် | ၂၀၀၀ | ၀.၇၆၈ |
| ၁၄ | ချက် | မက်ထရစ်တန် | ၂၄၂၄.၄၀၀ | ၀.၉၄၁ |
| ၁၅ | ဒိုမီနီကန် | မက်ထရစ်တန် | ၁၂၅ | ၀.၀၅၅ |
| ၁၆ | ဂျာမနီ | မက်ထရစ်တန် | ၁၁၇၅၆.၆၀၀ | ၄.၃၈၂ |
| ၁၇ | ဂါနာ | မက်ထရစ်တန် | ၁၃၀၀၀ | ၃.၅၈၈ |
| ၁၈ | ဂရိ | မက်ထရစ်တန် | ၃၂၉၅ | ၁.၃၅၆ |
| ၁၉ | ဂီနီ | မက်ထရစ်တန် | ၁၅၆၃၃၃ | ၄၆.၉၉၆ |
| ၂၀ | ဂင်းနီဗစ်ဆော | မက်ထရစ်တန် | ၁၂၅၀ | ၀.၃၆၃ |
| ၂၁ | ဟောင်ကောင် | မက်ထရစ်တန် | ၉၄၂ | ၀.၂၅၉ |
| ၂၂ | ဟန်ဂေရီ | မက်ထရစ်တန် | ၃၇၇၅ | ၁.၄၀၇ |
| ၂၃ | အီတလီ | မက်ထရစ်တန် | ၆၂၅ | ၀.၂၅၁ |
| ၂၄ | ဂျပန် | မက်ထရစ်တန် | ၃၅၀၀ | ၁.၁၃၄ |
| ၂၅ | ကင်ညာ | မက်ထရစ်တန် | ၈၇၅ | ၀.၃၁၉ |
| ၂၆ | လက်ဘနွန် | မက်ထရစ်တန် | ၇၅၀ | ၀.၂၈၉ |
| ၂၇ | လစ်သူယေးနီးယား | မက်ထရစ်တန် | ၅၂၅၀ | ၂.၀၅၂ |
| ၂၈ | မဒါဂတ်စကား | မက်ထရစ်တန် | ၉၈၇၇၁ | ၂၉.၁၈၁ |
| ၂၉ | မလေးရှား | မက်ထရစ်တန် | ၇၁၂၇ | ၂.၄၆၃ |
| ၃၀ | မာယိုတေး | မက်ထရစ်တန် | ၁၂၅ | ၀.၀၃၆ |
| ၃၁ | မော်ရိုကို | မက်ထရစ်တန် | ၂၀၀၀ | ၀.၆၀၀ |
| ၃၂ | နယ်သာလန် | မက်ထရစ်တန် | ၄၂၅ | ၀.၁၆၆ |

| မြန်မာနိုင်ငံမှဆန်တင်ပို့သည့်နိုင်ငံများစာရင်း(၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်) | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
| ၃၃ | နိုင်ဂျီးရီးယား | မက်ထရစ်တန် | ၁၅၀ | ၀.၀၅၂ |
| ၃၄ | ပါပူဝါနယူးဂီနီ | မက်ထရစ်တန် | ၄၉၀ | ၀.၁၇၄ |
| ၃၅ | ဖိလစ်ပိုင် | မက်ထရစ်တန် | ၁၁၁၂၉ | ၃.၈၂၈ |
| ၃၆ | ပိုလန် | မက်ထရစ်တန် | ၃၀၂၇၄.၅၀၀ | ၁၀.၆၃၂ |
| ၃၇ | ပေါ်တူဂီ | မက်ထရစ်တန် | ၃၄၀၀ | ၁.၃၃၀ |
| ၃၈ | ရိုမေးနီးယား | မက်ထရစ်တန် | ၂၈၀၀ | ၁.၀၅၉ |
| ၃၉ | ရုရှားနိုင်ငံ | မက်ထရစ်တန် | ၂၅၉၇၂ | ၉.၇၂၂ |
| ၄၀ | ဆီနီဂေါနိုင်ငံ | မက်ထရစ်တန် | ၂၅၀ | ၀.၀၆၉ |
| ၄၁ | စင်္ကာပူ | မက်ထရစ်တန် | ၂၅၁၂၂ | ၇.၀၁၆ |
| ၄၂ | တောင်အာဖရိက | မက်ထရစ်တန် | ၃၅၃၈၉ | ၉.၉၃၀ |
| ၄၃ | စပိန် | မက်ထရစ်တန် | ၆၅၈၃.၅၀၀ | ၂.၅၄၆ |
| ၄၄ | သီရိလင်္ကာ | မက်ထရစ်တန် | ၇၇၆၃၁.၈၄၅ | ၂၃.၇၇၉ |
| ၄၅ | ဆီလီယာလေယွန် | မက်ထရစ်တန် | ၂၄ | ၀.၀၀၉ |
| ၄၆ | ဆွီဒင် | မက်ထရစ်တန် | ၁၂၅ | ၀.၀၄၁ |
| ၄၇ | ဆလိုဗေးနီးယား | မက်ထရစ်တန် | ၂၅၂၀ | ၀.၉၄၂ |
| ၄၈ | ထိုင်း | မက်ထရစ်တန် | ၇.၄၀၀ | ၀.၀၀၃ |
| ၄၉ | တိုဂို | မက်ထရစ်တန် | ၆၅၀၀ | ၁.၉၁၁ |
| ၅၀ | တူရဂီ | မက်ထရစ်တန် | ၃၇၂၀ | ၁.၄၄၆ |
| ၅၁ | ယူအေအီး | မက်ထရစ်တန် | ၇၅၀ | ၀.၂၂၅ |
| ၅၂ | ယူနိုက်တက်ကင်းဒမ်း | မက်ထရစ်တန် | ၃၄၄၅ | ၁.၃၅၅ |
| ၅၃ | အမေရိကန် | မက်ထရစ်တန် | ၅၀၀ | ၀.၁၅၀ |
| ၅၄ | ဗင်နီဇွဲလား | မက်ထရစ်တန် | ၁၀၀ | ၀.၀၄၃ |
| ၅၅ | ဗီယက်နမ် | မက်ထရစ်တန် | ၅၄၆၉ | ၁.၈၅၅ |

## ဘဏ္ဍာနှစ်အလိုက်ပြည်ပသို့ဆန်တင်ပို့မှုအခြေအနေ

၁၇။ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုအခြေအနေကို ဘဏ္ဍာနှစ်အလိုက် လေ့လာသိရှိနိုင်စေရန် အောက်တွင်ဖော်ပြထားပါသည် - [၁၂]




ပုံ (၄) ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ဆန်တင်ပို့မှု

## ဥရောပသမဂ္ဂဆန်ဈေးကွက်[၁၃]

၁၈။ ဥရောပသမဂ္ဂဆန်ဈေးကွက်တွင် ဆန်လုံးတို(Japonica Rice - ဥရောပဆန်)နှင့် ဆန်လုံးရှည် (Indica Rice - အာရှဆန်) ဟူ၍နှစ်မျိုးခွဲခြားထားပါသည်။ ဆန်လုံးတိုအမျိုးအစားကို ဥရောပတောင်ပိုင်းတွင် အများဆုံးစားသုံးကြပြီး ဆန်လုံးရှည်ကိုမူ ဥရောပမြောက်ပိုင်းတွင် အများဆုံးစားသုံးကြပါသည်။ ဥရောပသမဂ္ဂနိုင်ငံများ၏ဆန်ထုတ်လုပ်မှုပမာဏသည် တစ်နှစ်လျှင် ၁.၈ မီလီယံတန်ဖြစ်ပြီး စားသုံးမှုပမာဏမှာ ၂.၈ မီလီယံတန်ရှိသောကြောင့် နှစ်စဉ်နှစ်တိုင်းဆန်တန်ချိန် ၁.၂ မီလီယံတန်ခန့် ပြည်ပနိုင်ငံများမှဝယ်ယူလျက်ရှိပါသည်။

[၁၂] စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
[၁၃] https://www.facebook.com/photo.php?fbid=၁၀၁၆၁၀၉၁၀၆၆၄၃၅၇၂၀&set=pcb.၁၇၇၄၂၁၈၅၈၉၃၅၃၉၆၉&type=၃&theater

## ဥရောပသမဂ္ဂနိုင်ငံများသို့ဆန်တင်ပို့သည့်နိုင်ငံများ

၁၉။ ဥရောပသမဂ္ဂနိုင်ငံများသို့ဆန်တင်ပို့သည့်နိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -




ပုံ(၅) ဥရောပသမဂ္ဂနိုင်ငံများသို့ဆန်တင်ပို့သည့်နိုင်ငံများ

၂၀။ ပုံ(၅)အရ ၂၀၁၈ခုနှစ်၌ ဥရောပသမဂ္ဂနိုင်ငံများသို့ ဆန်တင်ပို့သည့်နိုင်ငံများတွင် ကမ္ဘောဒီးယားနိုင်ငံသည် ၂၄.၁ရာခိုင်နှုန်းဖြင့် အများဆုံးတင်ပို့ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ဆန်တင်ပို့မှုရာခိုင်နှုန်း ၄.၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။




ပုံ (၆) ဥရောပသမဂ္ဂဈေးကွက်သို့ မြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့၏ဆန်လုံးရှည်တင်ပို့မှုအခြေအနေ

၂၁။ အထက်ဖော်ပြပါပုံ(၆)အရ ကမ္ဘောဒီးယားနိုင်ငံသည် ဥရောပသမဂ္ဂနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချမှုတွင် မြန်မာနိုင်ငံထက်သာလွန်များပြားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ရန် ဆောင်ရွက်နေမှုများ**[၁၄]

၂၂။ မြန်မာနိုင်ငံ၏ဆန်တင်ပို့မှုသည် နဂိုအခြေအနေသို့ ပုံမှန်နှုန်းဖြင့် ပြန်လည်မြင့်တက်လာနေလျက်ရှိပါသည်။ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှယနေ့အချိန်အထိ ပြည်ပသို့ဆန်တင်ပို့မှုတန်ချိန်သည် မက်ထရစ်တန် ၁ ဒသမ ၂ သန်းသို့ရောက်ရှိလျက်ရှိပါသည်။ ထိုတင်ပို့မှုနှုန်းသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားတင်ပို့မှုတွင်အများဆုံးဖြစ်သော ၁၉၅၆ ခုနှစ်ထက်ပင်ကျော်လွန်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်း(MRAI)သည် ယခုဘဏ္ဍာနှစ်ကုန်တွင် ယခင်နှစ်ကတင်ပို့ခဲ့သည့် မက်ထရစ်တန်ချိန် ၇၇၈,၀၀၀ ၏နှစ်ဆဖြစ်သည့် မက်ထရစ်တန်ချိန် ၁ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ရန်မျှော်မှန်းထားပါသည်။

၂၃။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် စီးပွားရေးအတောင့်တင်းဆုံးဖြစ်ပြီး တစ်နှစ်လျှင် ဆန်တန်ချိန် ၁ သန်းခန့်တင်ပို့ခဲ့သည့်အတွက် ဒေသတွင်းထိပ်တန်းဆန်တင်ပို့သည့်နိုင်ငံအဖြစ် အလားအလာကောင်းခဲ့သည်။ သို့သော် ထိုကာလနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ကမ္ဘာ့စီးပွားရေးနှင့် အဆက်အသွယ်ပြတ်ခဲ့ပြီး ထိပ်တန်းဆန်တင်ပို့သည့်အဆင့်ကို လက်လွှတ်ခဲ့ရသော်လည်း အခြားသောဒေသတွင်းနိုင်ငံများမှာ "ဈေးကွက်စီးပွားရေးစနစ်ဖြင့် အသွင်ပြောင်းလဲခဲ့ကြသည်" ဟုနိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီး၏ အစီရင်ခံစာအရသိရှိရပါသည်။

၂၄။ သို့သော် မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်တွင် နယ်စပ်ကုန်သွယ်မှုများကို ဖြေလျှော့ပေးခဲ့ပြီး ကမ္ဘာ့စီးပွားရေးတွင်တစ်ကျော့ပြန်ဝင်ရောက်ရန် တိုးမြှင့်အားထုတ်မှုများဆောင်ရွက်လာခဲ့သည့်အတွက် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းသည် အမြတ်အစွန်းအများဆုံးရနိုင်သည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်လာမည့် အလားအလာများရှိလာခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏အဆိုအရ နိုင်ငံ့ရပ်ခြားတင်ပို့မှု၏ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိသည် စိုက်ပျိုးရေးကဏ္ဍမှဖြစ်ပြီး ယင်းကဏ္ဍသည် မြန်မာနိုင်ငံတွင် လုပ်သားအင်အားအများစုကို အလုပ်အကိုင်ပေးထားခြင်းဖြစ်သည်။

[၁၄] https://www.thefarmermedia.com/news/၇၅၅

၂၅။ လက်ရှိအခြေအနေတွင် ဥရောပ၊ စင်ကာပူ၊ ဩစတြေးလျ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သည် မြန်မာ့ဆန်အဓိကတင်ပို့သည့် နိုင်ငံများပင်ဖြစ်ပါသည်။ ယခုနှစ်တွင် ထိုဆန်တင်ပို့မှုလမ်းကြောင်းသည် ပိုမိုကျယ်ပြန့်ကွဲပြားလာခဲ့သည်။ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည်လည်း မြန်မာ့ဆန်ကိုတင်သွင်းရန် စိတ်ဝင်စားကြသည်။ အိန္ဒိယနှင့်လည်း နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်တင်ပို့ရန် ခွင့်ပြုထားပြီးဖြစ်ပါသည်။ ထို့ပြင် နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုပြီးလျှင် အင်ဒိုနီးရှားနိုင်ငံသို့လည်း တစ်နှစ်လျှင် ဆန်တန်ချိန် ၅ သိန်း တင်ပို့မည်ဖြစ်ပါသည်။

## မြန်မာ့ဆန်ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည့်အခြေခံအချက်များ

၂၆။ မြန်မာနိုင်ငံ၏ဆန်စပါးအခြေခံမူမှာ ပြည်တွင်းဖူလုံမှုကိုဦးစားပေး၍ ပိုလျှံသည်များအား ပြည်ပတင်ပို့ရောင်းချရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်းဆန်စပါးဖူလုံမှုရှိရုံမျှမက ပိုလျှံစေရေးတွင် အောက်ပါအချက်များသည် အဓိကဖြစ်သည်ဟုလေ့လာတွေ့ရှိရပါသည် -[၁၅]

(က) တောင်သူများဆန်စပါးထုတ်လုပ်မှုအပေါ် စိတ်အားထက်သန်ခြင်း၊

(ခ) ရာသီဥတုမှန်ကန်ခြင်း၊

(ဂ) စပါးသီးနှံနှင့်ရာသီတူအခြားသီးနှံများ၏ တောင်သူအကျိုးအမြတ် လျော့နည်းသွားခြင်း(ဥပမာ-မတ်ပဲ)၊

(ဃ) စိုက်ပျိုးစဉ်စိုက်ပျိုးမှုနည်းစနစ်မှန်ကန်ကောင်းမွန်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီးနောက်ပိုင်း အလေအလွင့် (Post- Harvest Losses) လျော့နည်းသွားခြင်း၊

(င) လူတစ်ဦးစားသုံးမှုနှုန်း လျော့နည်းသွားခြင်း၊

(စ) ပြည်တွင်းဆန်ဈေးနှုန်း ကောင်းမွန်ခြင်း။

၂၇။ ဆန်ပိုလျှံမှုအပေါ် ပြည်ပသို့ပိုမိုတင်ပို့နိုင်မှုမှာ အောက်ပါအချက်များအပေါ်တွင် မူတည်သည်ဟု လေ့လာတွေ့ရှိရပါသည်-[၁၆]

(က) ကမ္ဘာ့ဆန်ဈေးနှုန်း၊

(ခ) ပြည်တွင်းဆန်စပါးဈေးနှုန်း၊

(ဂ) မြန်မာငွေနှင့် နိုင်ငံခြားငွေလဲလှယ်ဈေးနှုန်း၊

[၁၅] https://www.commerce.gov.mm - ပြည်တွင်းကုန်သွယ်မှု - page ၃ မှ မြန်မာ့ဆန်စပါးနဲ့ကမ္ဘာ့ဆန်ဈေးကွက်
[၁၆] https://www.commerce.gov.mm - ပြည်တွင်းကုန်သွယ်မှု - page ၃ မှ မြန်မာ့ဆန်စပါးနဲ့ကမ္ဘာ့ဆန်ဈေးကွက်

(ဃ) ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် Stakeholders အားလုံး တွက်ချေကိုက်မှုရှိခြင်း၊

(င) ကမ္ဘာ့ဆန်စားသုံးနိုင်ငံများ၏ ရာသီဥတုအခြေအနေနှင့် ဈေးကွက်လိုအပ်ချက်၊

(စ) နိုင်ငံတကာစီးပွားဆက်ဆံမှု အခြေအနေကောင်းရှိခြင်း။

**ပြည်ပဆန်တင်ပို့မှုအခြေအနေတည်ငြိမ်နိုင်ရေး ဆောင်ရွက်သင့်သည့်အစီအစဉ်များ**[၁၇]

၂၈။ မြန်မာနိုင်ငံတွင် ဆန်စပါးကဏ္ဍတည်ငြိမ်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP) လုပ်ငန်းစဉ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်-

(က) ဆန်စပါးအရည်အသွေးနှင့် ထုတ်လုပ်မှုကို သိသာစွာမြှင့်တင်သွားရန်၊

(ခ) အခြေခံအဆောက်အဦများတိုးချဲ့ခြင်းနှင့် ကုန်ကျစရိတ်လျှော့ချနိုင်မည့်နည်းလမ်းများ စီစဉ်ဆောင်ရွက်သွားရန်၊

(ဂ) ပို့ကုန်ဈေးကွက်အတွင်း အရည်အသွေးအရ၊ ဈေးနှုန်းအရ၊ ဈေးကွက်လိုအပ်ချက်အရ ယှဉ်ပြိုင်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်စီစဉ်သွားရန်၊

(ဃ) စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအတွက် သင့်တင့်မျှတသည့်ဈေးနှုန်းဖြစ်စေရေးနှင့် မစိုက်ပျိုးမီကာလကပင် ဈေးနှုန်းခန့်မှန်းသိရှိနိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊

(င) ဆန်စပါးလက်ကားကုန်စည်ဒိုင်များတွင် စနစ်မှန်ကန်ပြီးအာမခံချက်ရှိသည့်ပုံစံများ ဖြစ်ပေါ်လာရေးဆောင်ရွက်ရန်၊

(စ) ပုဂ္ဂလိကနှင့်အစိုးရပူးပေါင်းပါဝင်၍ အရန်ဆန်ကိုကိုင်တွယ်နိုင်မည့် အဖွဲ့အစည်း တစ်ခုဖွဲ့စည်း၍ ပြည်တွင်းဆန်စပါးကဏ္ဍကို ထိန်းကျောင်းဆောင်ရွက်ရန်၊

(ဆ) စိုက်ပျိုးထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူများအကြားတွင် အဆင့်များလျှော့နည်း သွားရန်နှင့် အရည်အသွေးမြှင့်တင်နိုင်ရန်အတွက်(Contract Farming)များ ဒေသအလိုက်ပေါ်ပေါက်လာစေရေး စီစဉ်ဆောင်ရွက်ရန်၊ (ယခင်က ဒေသအလိုက် ဆန်စပါးအထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ ရှိခဲ့ပါသည်။)

[၁၇] https://www.commerce.gov.mm - ပြည်တွင်းကုန်သွယ်မှု - page ၃ မှ မြန်မာ့ဆန်စပါးနဲ့ကမ္ဘာ့ဆန်ဈေးကွက်

## ပြည်ပသို့ဆန်တင်ပို့မှုနှင့် မြန်မာ့ဆန်ဈေးကွက်အခြေအနေ

၂၉။ မြန်မာနိုင်ငံသည် ၂၀ ရာစုအလယ်လောက်ကတည်းကပင် ကမ္ဘာ့ဆန်အများဆုံးတင်ပို့နိုင်ခဲ့သည့်နိုင်ငံအဖြစ် ကျော်ကြားခဲ့ပါသည်။ လက်ရှိတွင်စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး ဆန်ကို အဓိကတင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏အဓိကအသက်သွေးကြောမှာ လယ်ယာကဏ္ဍဖြစ်ပြီး လူဦးရေအများစု(သုံးပုံနှစ်ပုံခန့်)မှာလည်း ကျေးလက်များတွင်နေထိုင်ကြ၍ လယ်ယာလုပ်ငန်းကိုသာ အသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်လျက်ရှိပါသည်။ လယ်ယာထွက်ကုန်စည်များအနက် ဆန်စပါးကို အဓိကစိုက်ပျိုးပြီး စုစုပေါင်းဆန်ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌စားသုံးကာ ပိုလျှံသောပမာဏကို ပြည်ပသို့တင်ပို့လျက်ရှိပါသည်။ ပြည်ပသို့တင်ပို့နေသော လယ်ယာထွက်ကုန်ပစ္စည်းများအနက် ဆန်နှင့်ဆန်ကွဲကိုအများဆုံးတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခင်ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၄ သန်း၊ တန်ချိန်အားဖြင့် ၁၇ သိန်းကျော်ဖြစ်သဖြင့် လယ်ယာကဏ္ဍတင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းခန့် အနေဖြင့်လည်းကောင်း၊ ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ ၅ ရာခိုင်နှုန်းခန့်အနေဖြင့်လည်းကောင်း တင်ပို့နိုင်ခဲ့သည်ကိုတွေ့ရှိရပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို လေ့လာကြည့်မည် ဆိုပါက ယခင်ဘဏ္ဍာနှစ်ထက် ဈေးကွက်သစ်အနေဖြင့် နိုင်ငံပေါင်း ၂၂ နိုင်ငံအား ရှာဖွေတင်ပို့နိုင်ခဲ့ပြီး ဈေးကွက်လက်လွှတ်ဆုံးရှုံးလိုက်ရသည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပါသည်။ သို့ရာတွင် ဈေးကွက်သစ်ရရှိသည့် နိုင်ငံများသို့ တင်ပို့ခွင့်ရရှိသည့်အရေအတွက်သည် ဈေးကွက်ပျောက်သွားသည့်နိုင်ငံများသို့ တင်ပို့ခဲ့သည့် အရေအတွက်ထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ဆန်တင်ပို့မှုဈေးကွက်သည် ရလဒ်ကောင်းများရရှိလာခဲ့သည်ဟုဆိုပါသည်။[၁၈]

၃၀။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (ဧပြီလမှ ဖေဖော်ဝါရီလ ၉ ရက် အထိ) ဆန်နှင့်ဆန်ကွဲကို ပြည်ပသို့ တန်ချိန်သုံးသန်းကျော်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၄၈ သန်း ရရှိခဲ့ပါသည်။ ယခင်နှစ်ကာလတူထက် တန်ချိန် ၁ ဒသမ ၇ သန်းကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၃ ဒသမ ၃၇၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ အများဆုံးတင်ပို့ခဲ့သည့်နိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အနောက်အာဖရိကနိုင်ငံဖြစ်သည့် အိုင်ဗရီကို့စ်၊ ဘယ်လ်ဂျီယံ၊ ဂါနာ၊ မက်ဒါဂါစကာ၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ ဆီနီဂေါနှင့် ပိုလန်နိုင်ငံတို့ဖြစ်ပါသည်။ ယခင်နှစ်တွင် နိုင်ငံပေါင်း

[၁၈] https://www.commerce.gov.mm - ပြည်တွင်းကုန်သွယ်မှု - page ၄ မှ ပြည်ပဆန်တင်ပို့မှုတန်ချိန် ၃ သန်း ရောက်ရှိ စံချိန်တင်

၄၀ သာတင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ ၆၂ နိုင်ငံတင်ပို့နိုင်ခဲ့သည့်အတွက် ၂၂ နိုင်ငံသို့ ဈေးကွက်တိုးချဲ့ တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ယခင်ကာလများက ပြည်ပသို့ဆန်စပါးတင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ၇၀ ရာခိုင်နှုန်းတင်ပို့ခဲ့သော်လည်း ယခုအချိန်တွင် ပင်လယ်ရေကြောင်းဈေးကွက်သစ်များကို ရှာဖွေ တိုးချဲ့နိုင်ခြင်းဖြင့် လယ်ယာထွက်ကုန်များကိုအဓိကတင်ပို့သော မြန်မာနိုင်ငံ၏ပို့ကုန်ကဏ္ဍ တိုးတက် လာသည့်အပြင် ရေရှည်တွင် နိုင်ငံ၏အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးလာစေမည်ဖြစ်ပါသည်။ ထိုသို့ဆန် နှင့်ဆန်ကွဲပြည်ပသို့တင်ပို့နိုင်မှုပမာဏသည် ၅၅ နှစ်တာကာလအတွင်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့တိုးတက်လာခြင်းကြောင့် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်း ကျော်ရှိသော တောင်သူလယ်သမားများ၏ စီးပွားရေးတိုးတက်လာသည့်အပြင် မြန်မာနိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေး ကိုလည်း အထောက်အပံ့ကောင်းဖြစ်လာမည်ဖြစ်ပါသည်။ မြန်မာ့ဆန်တင်ပို့မှုဈေးနှုန်းအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ဈေးနှုန်းများအရ တစ်တန်လျှင် ဆန်အမျိုးအစားအလိုက် ၃၅၆ အမေရိကန် ဒေါ်လာ၊ အမြင့်ဆုံး ၄၂၇ အမေရိကန်ဒေါ်လာမှ အမေရိကန်ဒေါ်လာ ၄၃၀ အထိရရှိခဲ့သည်ဟုသိရပြီး တင်ပို့ရာတွင် ဝယ်လိုအားနှင့်ဈေးကွက်ပေါ်မူတည်၍ အချို့ဆန်အမျိုးအစားများသည် ပင်လယ်ရေကြောင်း လမ်းဘက်မှ ဈေးပိုရရှိသည်များရှိသကဲ့သို့ အချို့ဆန်/ဆန်ကွဲအမျိုးအစားများသည် နယ်စပ်ကုန်သွယ် ရေးလမ်းကြောင်းဘက်မှ ဈေးပိုမိုရရှိသည်ကိုလည်းတွေ့ရှိရပါသည်။

၃၁။ ပြည်ပတွင်ဖြစ်ပေါ်နေသောဆန်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင်ဖြစ်ပေါ်နေသောဈေးနှုန်းများအရ အကျိုးအကြေပါဝင်မှုရာခိုင်နှုန်းများအပေါ်မူတည်၍ ထိုင်း white rice သည် အနိမ့်ဆုံး ၃၉၈ အမေရိကန်ဒေါ်လာမှ ၄၃၅ အမေရိကန်ဒေါ်လာ၊ ဗီယက်နမ် ဆန်သည် အမေရိကန်ဒေါ်လာ ၄၁၀ မှ ၄၃၅ အမေရိကန်ဒေါ်လာ၊ ပါကစ္စတန်ဆန်သည် ၃၆၇ အမေရိကန် ဒေါ်လာမှ ၄၀၂ အမေရိကန်ဒေါ်လာ၊ အိန္ဒိယဆန်သည် အမေရိကန်ဒေါ်လာ ၃၉၀ ပေါက်ဈေးရှိ ကြောင်းသိရှိရပါသည်။ FAO Rice Market Monitor တွင် ဖော်ပြထားသော ခန့်မှန်းသုံးသပ်ချက် များအရလည်း မြန်မာနိုင်ငံသည် ၂၀၁၈ခုနှစ်အတွင်း ဆန်ပိုမိုတင်ပို့နိုင်မည့်နိုင်ငံများတွင် တစ်ခုအပါ အဝင်ဖြစ်သည်ကိုတွေ့ရှိရပါသည်။

၃၂။ ပြည်တွင်းဆန်စပါးဈေးအတက်အကျသည် ပြည်ပဆန်စပါးဈေးကွက်ဖွံ့ဖြိုးလာမှုနှင့် ဆက်နွယ်လျက်ရှိရာ ယခုနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှုအားကောင်းလာခြင်းနှင့် ဈေးကွက်အသစ် များနှင့်ချိတ်ဆက်လာနိုင်ခြင်းတို့ကြောင့် ပြည်တွင်းဆန်စပါးဈေးသည်လည်း ဈေးကောင်းရရှိလာပြီး

ဆန်စပါးဈေးကွက်ကောင်းမွန်လာခြင်းကြောင့် စီးပွားရေးနယ်ပယ်တွင် ဆန်စပါးလုပ်ငန်းလုပ်ကိုင်မှု မရှိသူများပင်လျှင် ယခုအခါ ဆန်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာကြကြောင်း ဆန်စပါးလုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ ယခုနှစ်အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများတွင် ရာသီဥတုဆိုးရွားမှုကြောင့် ဆန်အထွက်နှုန်းနည်းသည့်အတွက် မြန်မာနိုင်ငံမှဆန်များ ဝယ်လိုအားမြင့်တက်ခဲ့ပါသည်။

၃၄။ United States Department of Agriculture (USDA) စာရင်းအချက်အလက်များအရ ကမ္ဘာ့ဆန်ကုန်သွယ်မှုကဏ္ဍကို လေ့လာကြည့်မည်ဆိုလျှင် ဆန်အများဆုံးတင်ပို့သည့်နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်း ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံသည်ပဥ္စမမြောက်အများဆုံး ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများမှ ဆန်အများဆုံးတင်သွင်းလျက်ရှိသည့်နိုင်ငံများမှာ တရုတ်၊ နိုင်ဂျီးရီးယား ၊ ဖိလစ်ပိုင်နိုင်ငံ၊ အီရန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပါသည်။ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စပါး (မိုးစပါး + နွေစပါး) စိုက်ဧက ၂ ဒသမ ၄၆ ဧကသန်းရှိပြီး ထွက်ရှိမည့်တင်းလျာထားချက်မှာ ၁၃၁၇ သန်းရှိပါသည်။ စပါးစိုက်ပျိုးရန်အတွက်လိုအပ်သည့် မျိုး၊ အလေအလွင့်၊ စားသုံးမှုမှာ ခန့်မှန်းခြေ တင်း ၈၂၆ သန်း ရှိသဖြင့် ပိုလျှံမည့်စပါးတင်း ၄၉၂ သန်း၊ စပါးတန်ချိန်အားဖြင့် ၁၀ သန်းရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ ယခုနှစ်တွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၅ သန်းခန့်တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း လေ့လာသုံးသပ်ခဲ့ကြပြီး ယခုလက်ရှိ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်အထိ မြန်မာနိုင်ငံမှ တင်ပို့ပြီးသည့်စာရင်းများအရ ဆန်တန်ချိန်သုံးသန်းကျော်တင်ပို့နိုင်ခဲ့ခြင်းကြောင့် မြန်မာ့ဆန်တင်ပို့မှုအတွက် ကောင်းမွန်သောရလဒ်များရရှိပြီး ယခုဘဏ္ဍာနှစ်၏ကျန်ကာလများတွင် ဆက်လက်၍ပိုမိုတင်ပို့နိုင်မည်ဟု သုံးသပ်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံလည်းဖြစ်၊ Logistic ပိုင်းတွင်လည်း အားသာချက်များရှိသည့်တရုတ်နိုင်ငံအပြင် မြန်မာ့ထွက်ကုန်များကို ပိုမိုအလေးထားစိတ်ဝင်စားလာသည့် ဥရောပနိုင်ငံများနှင့်အခြားနိုင်ငံများ၏ဆန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားခြင်းအပြင် အဆိုပါနိုင်ငံများ၏ ရာသီဥတုအခြေအနေနှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေများအား လေ့လာသုံးသပ်သင့်ပါသည်။ ထိုမှသာ ဝယ်လိုအားရရှိနိုင်မှုအခြေအနေများကိုသိရှိလာပြီး ဈေးကွက်ထိုးဖောက်မှုများပြုလုပ်၍ မိမိနိုင်ငံ၏ပို့ကုန်ကဏ္ဍတိုးတက်ရေးအတွက် အကျိုးရလဒ်ကောင်းများထွက်ပေါ်လာအောင်

လုပ်ဆောင်ရမည်ဖြစ်ပါသည်။ တင်ပို့ရာတွင်လည်း Value-Added ကုန်စည် အနေဖြင့်တင်ပို့နိုင်ပါက မိမိနိုင်ငံကုန်စည်များအတွက် ဈေးကောင်းပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

၃၅။ ယင်းသို့ကြိုးပမ်းဆောင်ရွက်သည့်အခါ ရရှိမည့်အကျိုးရလဒ်များနှင့်အတူ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သောကြောင့် လိုအပ်ချက်များစွာရှိနေမည်ဖြစ်ပြီး စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရနိုင်မည်ဖြစ်ပါသည်။ စိန်ခေါ်မှုများအနက် စပါးမျိုးစေ့ကောင်းမွန်ရေး၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ ခေတ်မီနည်းပညာများနှင့်လိုက်လျောညီထွေမှုရှိခြင်း၊ သယ်ယူပို့ဆောင်မှုစနစ်၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးကုန်ကျစရိတ် မပြည့်စုံခြင်းတို့အပြင် ပြည်ပသို့တင်ပို့ရာတွင်လည်း Logistic ဆိုင်ရာကိစ္စများအပါအဝင် စိန်ခေါ်မှုများရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများအနက် အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဆန်နှင့်ဆန်ကွဲသည် နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသော ပစ္စည်းဖြစ်သည့်အတွက် အဆိုပါဈေးကွက်ကို အခြားသောနိုင်ငံများနည်းတူ ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့် မိမိပို့ကုန်များ၏အဆင့်အတန်းစံသတ်မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေးသည်လည်းအထူးအရေးကြီးလှပါသည်။ [၁၉]

## နိဂုံး

၃၆။ အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ပို့ကုန်ဖြစ်သော မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှုပိုမိုတိုးမြင့်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ပြန်လည်ရောင်းချသော ဈေးကွက်တစ်ခုပေါ်ပေါက်ရေး၊ ဆန်စပါးစိုက်ပျိုးမှုနှင့် ဆက်စပ်သည့်ကျေးရွာ၊ မြို့နယ်များတွင် သိုလှောင်ရုံများတိုးပွားလာရေး၊ အခြောက်ခံစက်များရရှိရေး၊ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းမှကာကွယ်နိုင်ရေး၊ သွင်းအားစု/ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်မားခြင်းစသော စိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များတိုးမြင့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောခေတ်မီစက်ကိရိယာများ၊ စိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များလိုအပ်ခြင်း စသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း ကျော်လွှားကာ ယခုထက်ပိုမိုအောင်မြင်သော အကျိုးဖြစ်ထွန်းမှုရရှိနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း လေ့လာစုစည်းတင်ပြအပ်ပါသည်။

---

[၁၉] https://www.commerce.gov.mm - ပြည်တွင်းကုန်သွယ်မှု - page ၄ မှ ပြည်ပဆန်တင်ပို့မှုတန်ချိန် ၃ သန်း ရောက်ရှိ စံချိန်တင်